# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၂၄) ရက်မြောက်နေ့အစီအစဉ်

# ( ၁၆ – ၇ –၂၀၂၆ ) ( ကြာသပတေးနေ့ ) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) စိုင်းကျော်လှ၊ ကွန်ဟိန်းမဲဆန္ဒနယ်၏ **ကွန်ဟိန်းမြို့နယ်အတွင်း ကျေးရွာ (၇၂)ရွာတို့တွင် ဆက်သွယ်ရေးကွန်ယက်မရှိပါသဖြင့် အော်ပရေတာတစ်ခုခုမှ တာဝါတိုင် (၂)တိုင် တည်ဆောက်ပေးရန် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးရားနီ၊ ပူတာအိုမဲဆန္ဒနယ်၏ **ပူတာအို– နမ်ထွမ်ခူး ကျေးရွာချင်းဆက်လမ်း၏ ကျန်ရှိသော ၁၀ မိုင်အား ကွန်ကရစ်လမ်းအဖြစ် ဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအေးချမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်၏ **အမျိုးသမီးရေးရာ ဝန်ကြီးဌာနအသစ်၏ ရည်မှန်းချက်၊ ရှေ့လုပ်ငန်းစဉ်များအား ပြည်သူလူထု သိရှိနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးငွါးရဲ့ဆဲ၊ မချမ်းဘောမဲဆန္ဒနယ်၏ **မချမ်းဘောမြို့နယ်တွင် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးနှင့် အားကစားကွင်းများ တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးကျော်လင်း၊ ဗန်းမော်မဲဆန္ဒနယ်၏ **ယာယီနေရပ်စွန့်ခွာသူများအား ထောက်ပံ့သည့်လစဉ်ကြေးများကို ၂၀၂၆ခုနှစ်၌ ဆိုင်းငံ့ထားသည့်အတွက် ဆက်လက်ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးတင်ရွှေ၊ ရွှေတောင်မဲဆန္ဒနယ်၏ **ရွှေတောင်မြို့၊ ယွန်းတန်းရပ်ကွက်မှ မြို့မကျေးရွာအုပ်စုသို့ သွယ်တန်းထားသော မြေသားတမံရေကာတာအား တာဘောင်တမံ ချဲ့ထွင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်ဇော်လင်း၊ သနပ်ပင်မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်၊ ကျေးရွာအုပ်စု(၇)စု၊ မင်းရွာ– ကုက္ကို ရေနုတ်မြောင်းဖျားရှိ သောင်အတွင်း တိမ်ကောနေသည့် ရိုးချောင်းအား တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးနိုင်မင်းဦး၊ ကြံခင်းမဲဆန္ဒနယ်၏ **ကြံခင်းမြို့နယ်၊ ကြို့ပင်စုကျေးရွာအုပ်စု အတွင်း၌ ကျောက်နီချောင်း သံကူကွန်ကရစ် ရေတားတမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်၏ **ဝမ်းတွင်းမြို့နယ်ရှိ ဆူးဖြူကန်–တောင်ဘို၊ သပြေရိုးကျေးရွာမှ ရန်ကုန်– မန္တလေးလမ်းသို့သွားလာသည့် ရိုးကူးတံတားကြီး၊ ပဲနံ့သာရွာနှင့် ရွှေတောင်ရွာ ဆက်သွယ်သော ရိုးကူးတံတားနှင့် ကံကြီးကျေးရွာနှင့် ဘုရားဖြူ– ရွှေပေါ်ကျွန်းလမ်းကိုဆက်သွယ်သော လမ်းပေါ်ရှိ ရိုးကူးတံတားများအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးစန်းမြင့်၊ မြစ်သားမဲဆန္ဒနယ်၏ **မြစ်သားမြို့နယ်၊ အိမ်ရှေ့တောင်ရွာနှင့် ခရုတုတ်ရွာအကြားရှိ ပန်းလောင်မြစ်ကူးတံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဋ) ဦးစိုးနိုင်၊ မင်းတုန်းမဲဆန္ဒနယ်၏ **မင်းတုန်းမြို့နယ်ရှိ မင်းတုန်း၊ ဘူးတောင်–ပုသိမ်– မုံရွာ ကားလမ်းမကြီးနှင့် ဆက်သွယ်သည့်လမ်းအား အဆင့်မြှင့်တင်ခြင်း၊ သွေးကျောက်ချောင်းတံတား၏ ချဉ်းကပ်လမ်းအား မြေထိန်းနံရံ တည်ဆောက်ခြင်း၊ Box Culvert(၁)စင်း တည်ဆောက်ခြင်းတို့အား ခွင့်ပြုပေးပါရန် သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဌ) ဒေါက်တာနေလင်း၊ မှော်ဘီမဲဆန္ဒနယ်၏ **မင်းရွာ- လယ်ပြင်စုရွာ- လိပ်ချောင်းရွာ- ရိုးကြီးရွာများသို့ ကျေးရွာချင်းဆက်လမ်းနှင့် လယ်ပြင်စုရွာ- မိုးကြိုးပစ်ရွာ- သာယာကုန်းကျေးရွာများသို့ ကျေးရွာချင်းဆက်လမ်းတို့အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

၇။ ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှရရှိသော ကိန်းဂဏန်း အချက်အလက်များအား စနစ်တကျ ထိရောက်စွာစီမံခန့်ခွဲ၍ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်မူဝါဒများ ချမှတ် အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် "အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုး တိုးတက်မှုကော်မရှင်"တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို"**ကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ၊ လပွတ္တာ မဲဆန္ဒနယ်၊

( ခ ) ဦးမောင်မောင်စိုး၊ သာပေါင်း မဲဆန္ဒနယ်၊

( ဂ ) ဦးကျော်ငြိမ်းအောင်၊ တာချီလိတ် မဲဆန္ဒနယ်၊

(ဃ) ဦးနိုင်ဝင်း၊ ကျောက်တန်း မဲဆန္ဒနယ်၊

( င ) ဦးအောင်ကျော်နှင်း၊ ကျွန်းစု မဲဆန္ဒနယ်၊

( စ ) ဦးမင်းခန့်ကျော်၊ ပဲခူး မဲဆန္ဒနယ်၊

(ဆ) ဦးဉာဏ်ဝင်းထိုက်၊ ဗိုလ်တထောင် မဲဆန္ဒနယ်၊

( ဇ ) ဒေါ်စမ်းစမ်းဌေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၊

( ဈ ) ဒေါ်ဆွေဆွေသင်း၊ ပေါင်းတည် မဲဆန္ဒနယ်၊

(ည) ဒေါက်တာနေလင်း၊ မှော်ဘီ မဲဆန္ဒနယ်၊

( ဋ ) ဒေါ်နန်းရီရီဝင်း၊ ပင်လောင်း မဲဆန္ဒနယ်၊

( ဌ ) ဦးအောင်နိုင်၊ ဝေါ မဲဆန္ဒနယ်၊

( ဍ ) ဦးအေးချမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်၊

၈။ ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**ကို တင်သွင်းခြင်း၊

၁၀။ **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း၊

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅) ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။